


VOLUME IV, ISSUE 26 22 November 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁ |
| ၂ | ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် (၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ ယဉ်ကျေးမှုဖိုရမ်သို့ တက်ရောက် | ၂ |
| ၃ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ်၊ တရုတ်နိုင်ငံတကာခရီးသွားပြပွဲနှင့် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ - ၂၀၂၃ တက်ရောက် | ၃ |
| ၄ | (၅၂) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းနှင့် မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ | ၄ |
| ၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ၏ မှတ်ပုံတင်ခွင့်ပြုခြင်း/ ဖျက်သိမ်းခြင်းများနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန် | ၆ |
| ၆ | နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်များအပေါ် ကောလာဟလသတင်းများ အချိန်ကိုက်ထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက် | ၆ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇ | TNLA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက် | ၉ |
| ၈ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ | ၁၃ |
| ၉ | တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု)နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ | ၁၄ |
| ၁၀ | နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် | ၁၈ |
| ၁၁ | အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက စားသောက်ဖွယ်ရာများ ထပ်မံပေးပို့လှူဒါန်း | ၁၉ |
| ၁၂ | ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်မှ  ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ မိသားစုဝင်များကို ကယ်ထုတ်သွားခဲ့ကြောင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မဟုတ်မမှန် ဝါဒဖြန့်ထုတ်ပြန် | ၂၁ |
| ၁၃ | တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြု၍ တိုက်ခိုက်လျက်ရှိသည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ | ၂၄ |
| ၁၄ | နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာအနီးသို့ တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ | ၂၅ |
| ၁၅ | မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ် | ၂၆ |
| ၁၆ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၇ |
| ၁၇ | မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃,၀၀၀ ကျော်ရှိ | ၂၈ |

# Information Sheet

## ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲဖြစ်သူ Major General Khamphet Sisanon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၂၁ ရက်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲနှင့်အတူ ထောက်ပံ့ပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် (၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်သို့ တက်ရောက်




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိကျင်းပသည့် "(၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်"သို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာလ ၂၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

- နိုဝင်ဘာလ ၁၆ ရက်တွင် ဖိုရမ်သတ်မှတ်ခေါင်းစဉ်တစ်ခုဖြစ်သည့် Learning History through Culture ၊ Historical Memory and Artistic World ၊ Historical Heritage as a Formative Environment ကဏ္ဍများသို့ တက်ရောက်ခဲ့။
- နိုဝင်ဘာလ ၁၇ ရက်တွင် ဖိတ်ကြားထားသည့် နိုင်ငံ ၄၁ နိုင်ငံမှ နိုင်ငံကိုယ်စားပြုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး H.E. Ms. Olga Lyubimova နှင့်တွေ့ဆုံပွဲသို့လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်နှင့် နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်သို့ တက်ရောက်လာသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ထင်ပေါ်ကျော်ကြားသည့်ပုဂ္ဂိုလ်များ၊ အနုပညာရှင်များနှင့် တွေ့ဆုံပွဲသို့လည်းကောင်း တက်ရောက်အမှာစကားပြောကြားခဲ့။
- နိုဝင်ဘာလ ၁၈ ရက်တွင် စိန့်ပီတာစဘတ်မြို့ State Heritage Museum ၌ ကျင်းပသည့် The Heritage Award Ceremony သို့ တက်ရောက်ခဲ့ပြီး State Heritage Museum အတွင်း လှည့်လည်ကြည့်ရှုခဲ့။

နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်သို့ BRICS Institute ၊ Shanghai Cooperation Organization ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများ အပါအဝင် နိုင်ငံပေါင်း ၇၀ ကျော်မှ ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ထင်ပေါ်ကျော်ကြားပညာရှင်များ ပါဝင်တက်ရောက်ကြပြီး ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာကဏ္ဍများကို ခေါင်းစဉ်ရှစ်ခုခွဲ၍ သတ်မှတ်ထားသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် "(၉) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်"သို့ တက်ရောက်ခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ်၊ တရုတ်နိုင်ငံတကာခရီးသွားပြပွဲနှင့် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ - ၂၀၂၃ တက်ရောက်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ လေကြောင်းစီမံခန့်ခွဲရေးဗျူရိုနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံတကာခရီးသွားပြပွဲ (2023 China International Travel Mart) ကို နိုဝင်ဘာလ ၁၇ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ အာဆီယံ-တရုတ်ဗဟိုဌာနနှင့်မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း အနုပညာနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ-၂၀၂၃ ကို နိုဝင်ဘာလ ၁၈ ရက်တွင် လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ ပါသည်။

- နိုဝင်ဘာလ ၁၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းမြို့ရှိ Kunming Duanchi Convention & Exhibition Centre ၌ ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံတကာ ခရီးသွားပြပွဲဖွင့်ပွဲအခမ်းအနားနှင့် (Nihao China) မင်္ဂလာပါတရုတ်ပြည်အစီအစဉ်တို့ကို တက်ရောက်ခဲ့။

- အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ ရှီဂျုံကြွင်းနှင့်တွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများစီစဉ်ပေးရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ကြော်ငြာရေး ကူညီဆောင်ရွက်ပေးရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့။

- ယူနန်ပြည်နယ်ခရီးစဉ်အတွင်း သတင်းမီဒီယာများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် တရုတ်နိုင်ငံ၊ အထူးသဖြင့် ယူနန်ပြည်နယ်နှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုဖြေကြားခဲ့။

- နိုဝင်ဘာလ ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဆီယံ- တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ရာ အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာ အစီအစဉ်(၂၀၁၆-၂၀၂၅) အရ အာဆီယံဒေသအား တစ်ပေါင်းတည်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်လျက်ရှိရာတွင် အာဆီယံဒေသသို့ ခရီးသွားလုပ်ငန်း

ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရေးကို မဟာဗျူဟာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင် လျက်ရှိကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် ရင်းနှီး မြှုပ်နှံရန် အခွင့်အလမ်းများ များစွာရှိကြောင်း၊ တရုတ်နိုင်ငံ အနေဖြင့် အာဆီယံဒေသ၊ အထူးသဖြင့် မြန်မာနိုင်ငံခရီး သွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဖိတ် ခေါ်ကြောင်း ပြောကြားခဲ့။

တရုတ်နိုင်ငံတကာခရီးသွားပြပွဲသည် လွန်ခဲ့သော ၂၅ နှစ်မှ စတင်ကျင်းပခဲ့သော ကမ္ဘာ့တတိယအကြီးဆုံးခရီးသွား ပြပွဲဖြစ်ပြီး ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံတကာ ခရီးသွားပြပွဲသည် BRI (Belt & Road Initiative) ၏ ၁၀ နှစ်မြောက်နှစ်ပတ်လည် နှစ်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် "Nihao China" မင်္ဂလာပါ တရုတ် ပြည်အစီအစဉ်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားများကို ဖိတ် ခေါ်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဆီယံ-တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံ၍ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲများ၊ သင်တန်းများစီစဉ်ပေးရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင် ကြော်ငြာရေး ကူညီဆောင်ရွက်ပေးရန်ကိစ္စရပ်များကိုဆွေးနွေးခဲ့။**
- **ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သတင်းမီဒီယာများနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် တရုတ်နိုင်ငံ၊ အထူးသဖြင့် ယူနန်ပြည်နယ်နှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေ များကို ဖြေကြားခဲ့။**

## (၅၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

(၅၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်း အဖွဲ့ အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးများကို နိုဝင်ဘာလ ၂၁ ရက်တွင် မြန်မာ နိုင်ငံက အိမ်ရှင်အဖြစ် Hybrid စနစ်ဖြင့် လက်ခံကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က-

- ကိုဗစ်-၁၉ ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ်တွင် မဟာမဲခေါင် ဒေသခွဲသို့ ခရီးသွားဧည့်သည် ၇၃ ဒသမ ၆ သန်း ဝင် ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၁ ဘီလီယံ ရရှိခဲ့ ကြောင်း၊
- အဆိုပါရောဂါကြောင့် စိန်ခေါ်မှုများ ရှိခဲ့သော်လည်း အဖွဲ့ ဝင်နိုင်ငံများအနေဖြင့် ခရီးသွားကဏ္ဍ ပြန်လည်ရှင်သန် လာစေရန်နှင့် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည် ဦးမော့လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊
- ယနေ့ကျင်းပမည့် အစည်းအဝေးများက အဖွဲ့ဝင်နိုင်ငံများ အကြား ခိုင်မာအားကောင်းသော ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တည်ဆောက်နိုင်ပြီး မဟာမဲခေါင်ဒေသ ခွဲရှိ ခရီးသွားကဏ္ဍအတွက် ပိုမိုတောက်ပသော အနာဂတ်ကို ဖန်တီးနိုင်မည့်အပြင် အဖွဲ့ဝင်နိုင်ငံများအကြား ဟန်ချက် ညီပြီး ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို




အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်း၊ ခရီးစဉ်ဒေသများအကြောင်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မဟာမဲခေါင်ခရီးသွားလုပ်ငန်းကဏ္ဍ မဟာဗျူဟာ ၂၀၃၀ နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြပါသည်။

အဆိုပါအခမ်းအနားများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အာဆီယံ-ဂျပန်ဗဟို ဌာန၊ အာရှပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်းနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးမှူးရုံး ဘုတ်အဖွဲ့အစည်းအဝေးကို နိုဝင်ဘာလ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **(၅၂)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးများတွင် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဒစ်ဂျစ်တယ် ခရီးသွားလုပ်ငန်း၊ ခရီးစဉ်ဒေသများအကြောင်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မဟာမဲခေါင်ခရီးသွားလုပ်ငန်းကဏ္ဍ မဟာဗျူဟာ ၂၀၃၀ နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ၏ မှတ်ပုံတင်ခွင့်ပြုခြင်း/ ဖျက်သိမ်းခြင်းများနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လေဘာပါတီနှင့် ခေတ်သစ်ပြည်သူ့ပါတီတို့အား မှတ်ပုံတင်ခွင့်ပြုကြောင်းနှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီအား ဖျက်သိမ်းကြောင်း နိုဝင်ဘာလ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် (၁) ရပ်ကွက်၊ အမှတ် (၃၃/၄၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော လေဘာပါတီ (Labour Party) နှင့် ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက် (၁၀၀/၁၀၁)၊ အခန်း (၁၀၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) တို့အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ မှတ်ပုံတင် ခွင့်ပြုကြောင်း ကြေညာခဲ့။
- နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားသော ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီသော အချက်အလက်များအား တင်ပြနိုင်ခြင်းမရှိသောကြောင့် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီအားဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့။

နိုဝင်ဘာလ ၂၀ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုခဲ့သည့် ပါတီစုစုပေါင်း ၄၁ ပါတီရှိခဲ့ပြီး ဖျက်သိမ်းခဲ့သည့် ပါတီ ၁ ပါတီရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၁၁-၂၀၂၃)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လေဘာပါတီနှင့် ခေတ်သစ်ပြည်သူ့ပါတီတို့အား မှတ်ပုံတင်ခွင့်ပြုကြောင်းနှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီအား ဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာခဲ့။**
- **နိုဝင်ဘာလ ၂၀ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုခဲ့သည့် ပါတီစုစုပေါင်း ၄၁ ပါတီရှိခဲ့ပြီး ဖျက်သိမ်းခဲ့သည့် ပါတီ ၁ ပါတီရှိပြီဖြစ်။**

## နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်များအပေါ် ကောလာဟလသတင်းများ အချိန်ကိုက်ထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်များအပေါ် ကောလာဟလသတင်းများအား အချိန်ကိုက်ထုတ်လွှင့်နေမှုများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့်ပတ်သက်၍ ထုတ်ပြန်ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များမှာ-

- မြို့နယ်အချို့ရှိ အခြေခံပညာကျောင်းများအား ပိတ်ရမည့် အခြေအနေရှိသည်ဟူသော ကောလာဟလသတင်းများ ထွက်ပေါ်နေမှုနှင့်ပတ်သက်၍ နိုင်ငံတော်၏ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများကို ထိခိုက်ပျက်စီးစေလိုသည့် ပြည်




တွင်းပြည်ပအဖျက်သမားများက ကောလာဟလထုတ်လွှင့်နေခြင်းဖြစ်ပြီး ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

- အွန်လိုင်းလိမ်လည်မှုကိစ္စရပ်နှင့်ပတ်သက်၍ ပြည်ပြေးရာဇဝတ်မှု ကျူးလွန်ထားသည့် ရာဇဝတ်သားတရုတ်လူမျိုးများက မြန်မာနိုင်ငံနယ်စပ်တွင်ရှိသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများအား လိမ်လည်နေခြင်းဖြစ်ကြောင်း။

- အဆိုပါလုပ်ရပ်အပေါ် အမြစ်ပြတ်ချေမှုန်းနိုင်ရေး နှစ်နိုင်ငံစလုံးမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေခြင်းအား အနောက်နိုင်ငံများ၏ ထောက်ပံ့မှုဖြင့် ရပ်တည်နေသောမီဒီယာများက တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပြည်သူလူထုအကြား အထင်အမြင်လွဲစေရန်အတွက် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်လျက်ရှိကြောင်း။

- ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း) အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် မြန်မာအမျိုးသားရေးကွန်ရက်မှ ဆန္ဒပြမှုများအား အနောက်အုပ်စုအားပေးမီဒီယာများက နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် ဆောင်ရွက်လျက်ရှိကြောင်း။

- MNDAA အကြမ်းဖက်အဖွဲ့၏တိုက်ခိုက်မှုများကို အနောက်နိုင်ငံများ၏ ထောက်ပံ့မှုဖြင့် ရပ်တည်နေသောမီဒီယာများနှင့် MNDAA အကြမ်းဖက်အဖွဲ့၏ သတင်းပြန်ကြားရေးအဖွဲ့တို့က မြန်မာနိုင်ငံတစ်ဝန်းသို့ အဓိကထား၍ သတင်းဖြန့်ဝေပေးနေသည်ကို တွေ့ရှိရကြောင်း။

- လွိုင်ကော်တက္ကသိုလ်ဆရာ၊ ဆရာမများကိစ္စနှင့်ပတ်သက်၍ အကြမ်းဖက် KNPP အဖွဲ့အနေဖြင့် ပညာရေးဝန်ထမ်းများ ၎င်းတို့လက်ထဲတွင်ရှိနေကြောင်း ဝါဒဖြန့်ဗွီဒီယိုဖိုင်များအား အင်တာနက်များအပေါ်သို့တင်ခြင်း၊ ကြေညာချက်များ ထုတ်ပြန်နေသည်ကို တွေ့ရှိရကြောင်း။

- ဖြစ်စဉ်အမှန်မှာ အကြမ်းဖက် KNPP အဖွဲ့များက လွိုင်ကော်တက္ကသိုလ်ထဲသို့ ဝင်ရောက်၍ ဆရာ၊ ဆရာမများကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့်အပေါ် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ခဲ့သည့်အတွက် ၎င်းတို့ဖမ်းဆီးခေါ်ဆောင်သွားသည်ကို ဖုံးကွယ်သည့်အနေဖြင့် ထိန်းသိမ်းထားသည့်ပုံစံမျိုး ၎င်းတို့အလိုကျ ဇာတ်တိုက်ပြောဆိုခိုင်းသည့် ဗွီဒီယိုဖိုင်များတွင် တွေ့ရကြောင်း။

- ပြည်ဖျက်မီဒီယာများအနေဖြင့် လွိုင်ကော်တက္ကသိုလ်ထဲတွင် NUG၊ PDF အမည်ခံ အဖွဲ့များ၏ ဆရာ၊ ဆရာမများအား ဖမ်းဆီးခေါ်ဆောင်သွားမှု၊ တက္ကသိုလ် အဆောက်အအုံထဲသို့ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှု၊ ဆရာမအချို့ကို သတ်ဖြတ်သွားခဲ့မှုများအား ဖော်ပြခြင်းမပြုဘဲ နှုတ်ဆိတ်နေတာကို တွေ့ရှိရကြောင်း။

- ယနေ့ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုလုပ်ရပ်များသည် ပြည်တွင်း၊ ပြည်ပရှိ ပြည်ဖျက်မီဒီယာများပူးပေါင်း၍ အလုံးစုံ ပျက်သုန်းရေးပုံစံမျိုးကို ဦးတည်လုပ်ဆောင်နေခြင်းဖြစ် ကြောင်း။
- ရှမ်းပြည်နယ် (အရှေ့မြောက်) ဒေသရှိ နမ့်ခမ်းမြို့နှင့် သိန္နီမြို့တို့တွင် လုံခြုံရေးနှင့် နယ်မြေစိုးမိုးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ လောက်ကိုင်မြို့ထဲသို့ 107 MM ရော့ခ်တိုက်ဒုံးဖြင့် လူနေအဆောက်အအုံများကို ခြိမ်းခြောက်ပစ်ခတ်ခဲ့ကြောင်းနှင့် နမ့်စလပ်မြို့နှင့် မုန်းကျက်ရွာတို့ရှိ တပ်မတော်စခန်းများအား MNDAA၊ TNLA အကြမ်းဖက်သောင်းကျန်းသူများက အင်အားအလုံးအရင်းသုံးပြီး တိုက်ခိုက်ခဲ့သော်လည်း ၎င်းတို့ဘက်မှ ထိခိုက်အကျအဆုံးများစွာရှိကြောင်း။
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ ထရွန်အိုင်နှင့် နန်းဘူးစခန်းများအား လာရောက်ပစ်ခတ်ခဲ့ပြီး ပေါက်တောမြို့တွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က မြို့တွင်းလုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကာ ကျောက်တော်မြို့တွင် ပြည်သူပိုင် ရေနယားန(၁) ရေယာဉ်နှင့် ရေဘဝ (၄) ရေယာဉ်တွေကို AA အဖွဲ့က အကြမ်းဖက်ယူဆောင်သွားကြောင်း။
- ကယားပြည်နယ် လွိုင်ကော်မြို့၏အရှေ့တောင်ဘက်တွင် ထိတွေ့တိုက်ပွဲအချို့ ဖြစ်ပွားခဲ့ကြောင်းနှင့် အကျဉ်းထောင်ကို လာရောက်ပစ်ခတ်ခဲ့ကြောင်း။
- စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ လေဆိပ်လေယာဉ်ပြေးလမ်းပေါ်သို့ Drone ယာဉ်အသုံးပြု၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ကြောင်း။
- ထိုသို့ထိတွေ့တိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာများတွင် တပ်မတော်သားများ၏ ရွပ်ရွပ်ချွံချွံပြန်လည်ခုခံပြီး ချေမှုန်းခဲ့မှုကြောင့် ရန်သူ့ဘက်၌ ထိခိုက်ကျဆုံးမှုနှင့် ဒဏ်ရာရရှိမှု များစွာရှိခဲ့ကြောင်း။
- သောင်းကျန်းသူများအနေဖြင့် စစ်ဘက်နှင့် သက်ဆိုင်သည့်နေရာများကို တိုက်ခိုက်ခြင်းထက် ပြည်သူလူထုနှင့် သက်ဆိုင်သည့်နေရာများကို အဓိကထား တိုက်ခိုက်နေသည်ကိုတွေ့ရှိရကြောင်း။
- ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)ရှိ နယ်မြေများသည် ရှမ်းလူမျိုးများ အများဆုံးနေထိုင်သောနယ်မြေများဖြစ်ပြီး TNLA၊ MNDAA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ရှမ်းလူမျိုးများပိုင်ဆိုင်သော ရွာများ၊ အိမ်များတွင် ဝင်ရောက်နေရာယူ၍ တပ်စခန်းများကို တိုက်ခိုက်ခြင်းမျိုး တွေ့ရှိရကြောင်း။
- အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရှမ်းလူမျိုးများအနေဖြင့် ကန့်ကွက်ခြင်း၊ သဘောထားများ ထုတ်ဖော်ပြောကြားခြင်းမျိုး ပြုလုပ်လာကြကြောင်း။
- သောင်းကျန်းသူအဖွဲ့အစည်း၊ NUG ၊ PDF အဖွဲ့အစည်းများသည် ၎င်းတို့ အာဏာရရှိရေးအတွက် မြန်မာနိုင်ငံအလုံးစုံပျက်သုန်းရေးကို ဦးတည်ဆောင်ရွက်နေသည့်အဖွဲ့အစည်းများဖြစ်ကြောင်း။

နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေ အရပ်ရပ်များအပေါ် ကောလာဟလသတင်းများ အချိန်ကိုက်ထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်ဖျက်မီဒီယာများနှင့်ပူးပေါင်း၍ ထင်ယောင်ထင်မှားဖြစ်အောင် ထုတ်လွှင့်နေခြင်းဖြစ်ကြောင်း၊ စီးပွားရေးအရ စက်သုံးဆီကဏ္ဍနှင့် ဘဏ်လုပ်ငန်းများကိုတိုက်ခိုက်ခဲ့ပြီး လက်ရှိပညာရေးကဏ္ဍကို တိုက်ခိုက်ရာတွင်လည်း စာသင်ကျောင်းများ၌ တီးတိုးဝါဒဖြန့်သည့်ပုံစံမျိုး စတင်ဆောင်ရွက်ပြီးနောက် ကျောင်းများပိတ်မည်ဆိုသည့် ကောလာဟလဖြန့်သည့် ပုံစံမျိုးများကိုပါ ဆောင်ရွက်နေကြောင်းနှင့် မိမိတို့ပြည်သူလူထု၊ ကျောင်းသူကျောင်းသားများ၊ မိဘများအနေဖြင့် မိမိတို့နိုင်ငံ၏အနာဂါတ်ဖြစ်သည့် ကျောင်းသားကျောင်းသူများကို တိုက်ရိုက်ထိခိုက်စော်ကားနေသည့် အဖျက်သမားများအား နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုပူးပေါင်း၍ ချေမှုန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- မြို့နယ်အချို့ရှိ အခြေခံပညာကျောင်းများအား ပိတ်ရမည့်အခြေအနေရှိသည်ဟူသော ကောလာဟလသတင်းများ ထွက်ပေါ်နေမှုနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ အဖျက်သမားများက ကောလာဟလထုတ်လွှင့်နေခြင်းဖြစ်ပြီး ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်။
- အွန်လိုင်းလိမ်လည်မှုကိစ္စရပ်နှင့်ပတ်သက်၍ ပြည်ပြေးရာဇဝတ်မှု ကျူးလွန်ထားသည့် ရာဇဝတ်သားတရုတ်လူမျိုးများက မြန်မာနိုင်ငံနယ်စပ်တွင်ရှိသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများအား လိမ်လည်နေခြင်းဖြစ်။
- ရှမ်းပြည်နယ် (အရှေ့မြောက်) ဒေသရှိ လောက်ကိုင်မြို့ထဲသို့ 107 MM ရှော့တိုက်ဒုံးဖြင့် လူနေအဆောက်အအုံများကို ခြိမ်းခြောက်ပစ်ခတ်ခဲ့ကြောင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ ကျောက်တော်မြို့တွင် ပြည်သူပိုင် ရေနယား(၁) ရေယာဉ်နှင့် ရေဘဝဲ(၄) ရေယာဉ်တွေကို AA အဖွဲ့က အကြမ်းဖက်ယူဆောင်သွားခဲ့။
- သောင်းကျန်းသူအဖွဲ့အစည်း၊ NUG ၊ PDF အဖွဲ့အစည်းများသည် ၎င်းတို့အာဏာရရှိရေးအတွက် မြန်မာနိုင်ငံ အလုံးစုံပျက်သုန်းရေးကို ဦးတည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများဖြစ်။
- နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်များအပေါ် ကောလာဟလသတင်းများ အချိန်ကိုက် ထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပအဖျက်သမားများက ပြည်ဖျက်မီဒီယာများနှင့်ပူးပေါင်း၍ ထင်ယောင်ထင်မှားဖြစ်အောင် ထုတ်လွှင့်နေခြင်းဖြစ်။

## TNLA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့်နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်

TNLA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းအပါအဝင် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူအသုံးပြုလျက်ရှိသောလမ်းများအား ကန့်လန့်ဖြတ်မြောင်းကြီးများတူး၍ ဖျက်ဆီးကာ မြေဆိုင်များဖြင့် ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် ပြင်ဦးလွင် - နောင်ချို - ကျောက်မဲ - လားရှိုး ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်ရှိ နောင်ချိုမြို့နယ်၊ ရွှေညောင်ပင်အနီးတွင် ၁ နေရာ၊ လယ်ကျင်းကွေ့ကျေးရွာအနီးတွင် ၁ နေရာ၊ အုမ္မခါးကျေးရွာအနီးတွင် ၁ နေရာ၊ ဂုတ်တွင်းရှူခင်းသာအနီးတွင် ၁ နေရာ၊ နောင်ပစ်လမ်းခွဲနေရာတွင် ၁ နေရာ၊ နောင်ပစ်နှင့်နောင်ပိန်းကျေးရွာကြား ၇ နေရာတို့၌ မြေဖြတ်ကျင်းများတူး၍ လမ်းအားဖြတ်တောက်ပိတ်ဆို့ခြင်း၊ အချို့နေရာများတွင် သစ်ပင်ကြီးများအား ခုတ်လှဲပိတ်ဆို့ခြင်းနှင့် မြေကြီးများ စုပုံပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ သွားလာမှုရပ်တန့်ခဲ့ရပါသည်။

အဆိုပါလုပ်ရပ်များကြောင့် ပြည်သူများ၏ အရေးပေါ်ကျန်းမာရေးကိစ္စများအတွက် သွားလာရန် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး ဆုံးရှုံးနစ်နာမှု များစွာတွေ့ကြုံခဲ့ရသည့်အတွက် လမ်းပိတ်ဆို့ဖျက်ဆီးထားသည့် ၁၂ နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာလ ၆ ရက်မှစ၍ အတားအဆီးများအား တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်ဖယ်ရှားရှင်းလင်းခဲ့ရာ နိုဝင်ဘာလ ၁၉ ရက်တွင် ဆောင်ရွက်မှုပြီးစီးခဲ့ပါသည်။





လက်ရှိတွင် ကျောက်မဲမြို့အထိ ပုံမှန်အတိုင်းသွားလာနိုင်ပြီဖြစ်ကာ အဆိုပါပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် ကျန်ရှိသည့်နေရာများကိုလည်း ပုံမှန်အတိုင်း ပြန်လည်အသုံးပြုသွားလာနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ လမ်းမကြီးများအား ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၁၁-၂၀၂၃)**

- **TNLA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့် ပြင်ဦးလွင် - နောင်ချို - ကျောက်မဲ - လားရှိုး ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်ရှိ ၁၂ နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ဖယ်ရှားရှင်းလင်းခဲ့။**
- **လက်ရှိတွင် ကျောက်မဲမြို့အထိ ပုံမှန်အတိုင်းသွားလာနိုင်ပြီဖြစ်ကာ အဆိုပါပြည်ထောင်စု လမ်းမကြီးတစ်လျှောက်တွင် ကျန်ရှိသည့်နေရာများကိုလည်း ပုံမှန်အတိုင်း ပြန်လည်အသုံးပြုသွားလာနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

**TNLA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့်နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**













**TNLA အဖွဲ့နှင့် PDF အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့်နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**













# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ




နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

ထိုသို့အားပေးထောက်ခံလျက်ရှိရာ နိုဝင်ဘာလ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဥဿာဘောလုံးအားကစားကွင်း၌ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူများစုစည်း၍ တိုင်းပြည်အလုံးစုံ ပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအားကစားကွင်းအတွင်း၌ အမျိုးသားရေးတာဝန်ကြွလှုပ်ရှားသူများက အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၁၁-၂၀၂၃)**

- **ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဥဿာဘောလုံးအားကစားကွင်း၌ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူများစုစည်း၍ တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ကျင်းပပြုလုပ်ခဲ့။**

# တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ




တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ် (စကု) တို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအားလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအားလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ် (စကု) တို့သည်-

- နိုဝင်ဘာလ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၃၁ ဦးအားလည်းကောင်း။
- နိုဝင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၉၀၉ ဦးအားလည်းကောင်း။
- နိုဝင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၈၃ ဦးအားလည်းကောင်း။
- နိုဝင်ဘာလ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၀၃ ဦးအားလည်းကောင်း ဆေးကုသမှုပေးခဲ့။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည်-

- နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၅၉၁ ဦးအားလည်းကောင်း။
- နိုဝင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၉၄၀ ဦးအားလည်းကောင်း။



- နိုဝင်ဘာလ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ချောင်းသာမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၁၂၅ ဦးအားလည်းကောင်း ဆေးကုသမှုပေးခဲ့။

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ် (စကု)နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂,၀၄၁ ဦး၊ ခွဲစိတ်ရောဂါ ၂၃၀ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇၉ ဦး၊ ကလေးရောဂါ ၂၆၁ ဦး၊ အရိုးရောဂါ ၉၁၃ ဦး၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ ၃၆၂ ဦး၊ မျက်စိရောဂါ ၁,၂၆၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃၅ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၅,၆၈၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၇၄ ဦးနှင့် မျက်စိခွဲ စိတ်လူနာ ၅၄ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ဓာတ်မှန် ရိုက်လူနာ ၅၁ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၁၀၇ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၂၂၈ ဦး၊ Ultrasound ရိုက်လူနာ ၂၂၃ ဦး၊ နှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅၁ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ဆေးရုံတက်ကုသရန်လိုအပ်သူ ၁၆ ဦးအား နီးစပ်ရာဆေးရုံများတွင် ဆေးကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ်(စကု)နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့ရှိ မြို့များနှင့် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။**
- **နိုဝင်ဘာလ ၁၅ ရက်မှ ၂၁ ရက်ထိ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွား/မီးယပ် ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူစုစုပေါင်း ၅,၆၈၂ ဦးရှိ။**

**တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် မှတ်တမ်းဓာတ်ပုံများ**











**တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် မှတ်တမ်းဓာတ်ပုံများ**











# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်




အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်း အခမ်းအနားများကို ကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၁ ရက်မှ ၁၆ ရက်ထိ-

- ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ စေတနာရှင်အလှူရှင် ၂၇ ဦးက စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေ ၅၁,၄၈၂ သိန်းအား ဂုဏ်ပြုပေးအပ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့။

- တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ စေတနာရှင်အလှူရှင် ၄၄ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁,၈၃၅ သိန်းအား ပေးအပ်ခဲ့ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့။

အခမ်းအနားအသီးသီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ပြီး စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းနှင့် နိုဝင်ဘာလ ၁ ရက်မှ ၁၆ ရက်ထိ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၃၉,၉၇၆ သိန်းအား ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၁ ရက်မှ ၁၆ ရက်ထိ တိုင်းနှင့်ပြည်နယ်အသီးသီးမှ စေတနာရှင် အလှူရှင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၃၉,၉၇၆ သိန်းအား ပေးအပ်လှူဒါန်းခဲ့။**

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက စားသောက်ဖွယ်ရာများ ထပ်မံပေးပို့လှူဒါန်း



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် နိုဝင်ဘာလ ၁၅ ရက်မှ ၂၀ ရက်တို့တွင် ဒံပေါက်ဘူးများ၊ ထောပတ်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများကို လားရှိုးမြို့မှတဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် ထပ်မံပေးပို့လှူဒါန်းခဲ့ပါသည်။

အဆိုပါဒံပေါက်ဘူးများ၊ ထောပတ်ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေ၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများ၊ ထောပတ်ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများနှင့်အတူ ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထပ်မံပေးပို့ခဲ့။**

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနေသည့် မှတ်တမ်းဓာတ်ပုံများ













# ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ မိသားစုဝင်များကို ကယ်ထုတ်သွားခဲ့ကြောင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မဟုတ်မမှန် ဝါဒဖြန့်ထုတ်ပြန်





Khit Thit Media
23 h ·

လွိုင်ကော်တက္ကသိုလ် မှ ပါမောက္ခချုပ် အပါအဝင် Non-CDM ဆရာ ၊ ဆရာမများနှင့် မိသားစုဝင်များ လုံခြုံ ဘေးကင်းစွာရှိနေဟု လူစာရင်းနှင့်တကွ KNDF က ကြေညာ

ရန်ကုန်၊ နိုဝင်ဘာ ၂၀

ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့သို့ ဝင်ရောက်သော KNDF စစ်ကြောင်း၏ ၁၁၁ စစ်ဆင်ရေးတွင် စစ်ကောင်စီတပ်က လွိုင်ကော်တက္ကသိုလ် မှ ဆီးကြို တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန် တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး တက္ကသိုလ် ဝန်ထမ်းများ နှင့် မိသားစုဝင်များ ကျောင်း ဝန်းအတွင်း ပိတ်မိနေခဲ့သော်လည်း KNDF က ကယ်ဆယ်ခဲ့ကြောင်း ယနေ့ညပိုင်း တရားဝင်သ... ထုတ်ပြန်သည်။

စစ်ကောင်စီတပ်က လေယာဉ် ... ခြင်း၊ လက်နက်ကြီးဖြင့် အဆက်မပြတ် ...ခတ်လာခြင်းကြောင့် အထက်ပါ လွိုင်ကော်... သိုလ် မှ ဝန်ထမ်းနှင့် မိသားစုများ ၊ စက်မှု...းမှ ဝန်ထမ်းများအပါအဝင် (၂၀၄)ဦးတို့ကို ... ကြီးကျရောက်မှု အနည်းငယ် လျော့နည်းလ...၌ အချိန်၌ KNDF က ဘေးကင်းရာသို့ အရေးပေါ် ကူညီရွှေ့ပြောင်းခဲ့ရကြောင်း သိရှိရသည်။



**KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ၊ ဆရာမ အချို့အား ရက်စက်စွာ သတ်ဖြတ်ထားရှိမှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရမှု**

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် နိုဝင်ဘာလ ၁၃ ရက် နှင့် ၁၄ ရက်တို့တွင် စစ်ရေးနှင့်မသက်ဆိုင်သည့် ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များကို ၎င်းတို့အနေဖြင့် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီးနောက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် မဟုတ်မမှန် ဝါဒဖြန့် သတင်းများ ထုတ်ပြန်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် လွိုင်ကော်တက္ကသိုလ်ကို အင်အားအလုံးအရင်း အသုံးပြုဝင်ရောက်တိုက်ခိုက်ခဲ့ချိန်တွင် ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များအား CDM မပြုလုပ်သည့်အတွက် သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ကာ လူသားတံတိုင်းအဖြစ် အသုံးပြုရန်အတွက် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းသာဖြစ်ပြီး ဆရာ၊ ဆရာမ အချို့ကိုလည်း ရက်စက်စွာ သတ်ဖြတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၎င်းတို့၏လုပ်ရပ်ကြောင့် သင်ကြားရေးအထောက်အကူပြု အဆောက်အဦအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် နိုဝင်ဘာလ ၁၃ ရက်တွင် အဆိုပါ တက္ကသိုလ်၌ စတင်ဖြေဆိုမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထိခိုက်နစ်နာမှုများစွာကို ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရှိရသည်။



**KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ် သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်း အထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရမှု**

ၚင်းတို့အနေဖြင့် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းကို ကယ်ထုတ်ခဲ့သည်ဟူ၍လည်းကောင်း၊ ကောင်းမွန်စွာဖြင့် ထိန်းသိမ်းထားရှိသည် ဟူ၍လည်းကောင်း ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများကို ခြိမ်းခြောက်အကြပ်ကိုင်၍ ၎င်းတို့အလိုကျ အကွက်ဆင် ပြောဆိုရိုက်ကူးထားသည့် Video file ကို အသုံးပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသည့် ပြည်ဖျက်မီဒီယာများမှတဆင့် နိုဝင်ဘာလ ၂၀ ရက်တွင် မဟုတ်မမှန် ဝါဒဖြန့်ထုတ်ပြန်မှုများကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ရေး လိုအပ်သည်များကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် လွိုင်ကော်တက္ကသိုလ်ရှိ ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များအား CDM မပြုလုပ်သည့်အတွက် သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ကာ လူသားတံတိုင်းအဖြစ် အသုံးပြုရန်အတွက် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းသာဖြစ်။**
- **၎င်းတို့၏လုပ်ရပ်ကို ကယ်ထုတ်ခဲ့သည်ဟူ၍လည်းကောင်း၊ ကောင်းမွန်စွာဖြင့် ထိန်းသိမ်းထားရှိသည်ဟူ၍လည်းကောင်း ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများကို ခြိမ်းခြောက်အကြပ်ကိုင်၍ ၎င်းတို့အလိုကျ အကွက်ဆင် ပြောဆိုရိုက်ကူးထားသည့် Video file ကို အသုံးပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသည့် ပြည်ဖျက်မီဒီယာများမှတဆင့် မဟုတ်မမှန် ဝါဒဖြန့်ထုတ်ပြန်မှုများကို လုပ်ဆောင်လျက်ရှိ။**




KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ် သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်း အထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရမှု




KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်တိုက်ခိုက်မှုကြောင့် ပညာရေးဆိုင်ရာ အဆောက်အဦများ ပျက်စီးဆုံးရှုံးရမှုများအား အွန်လိုင်း အထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရမှု





KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော် တက္ကသိုလ်မှ ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများနှင့် မိသားစုဝင်များအား  အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင် သွားခဲ့ပြီး အွန်လိုင်းပေါ်တွင် ကယ်တင်ခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့်အသုံးပြုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

# တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြု၍ တိုက်ခိုက်လျက်ရှိသည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ










ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ်ရှိ စခန်းသစ်လုံခြုံရေးစခန်းအား TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တိုက်ခိုက်လျက်ရှိပြီး တပ်မတော်မှ နယ်မြေဒေသလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တပ်မတော်မှ အဆိပ်ငွေ့ဗုံးများဖြင့် တိုက်ခိုက်လာခဲ့သည်ဟု TNLA အဖွဲ့မှ မဟုတ်မမှန် သတင်းထုတ်ပြန်ချက်တစ်ခုကို Online မီဒီယာများတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရပါသည်။

အဆိုပါ TNLA အဖွဲ့၏ မဟုတ်မမှန်ကြေညာချက်အား ခေတ်သစ်မီဒီယာအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများ၌ ဖော်ပြမှုများပြုလုပ်၍ သတင်းအမှားများကို အသီးသီး ထုတ်လွှင့်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

တပ်မတော်အနေဖြင့် အဆိပ်ငွေ့ဗုံးများအား မည်သည့်တိုက်ပွဲများတွင်မှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း၊ အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးဆောင်ရွက်ရာတွင် ထိရောက်သော လက်နက်ကြီးပစ်ကူဖြင့် တပ်မတော်သားများ၏ ရှပ်ရှပ်ချွံချွံတိုက်ခိုက်မှုများကြောင့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် အကျအဆုံး များလာပြီး ၎င်းတို့အဖွဲ့အတွင်း စိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ် မရှိကြတော့သဖြင့် အဆိပ်ငွေ့ဗုံးများ အသုံးပြုသည်ဟု မဟုတ်မမှန် လုပ်ကြံ၍ ပြည်ဖျက်မီဒီယာများ အားကိုးကာ သတင်းမှားများ ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **တပ်မတော်မှ အဆိပ်ငွေ့ဗုံးများဖြင့် တိုက်ခိုက်လာခဲ့သည်ဟု TNLA အဖွဲ့မှ သတင်းအတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ။**

- တပ်မတော်အနေဖြင့် အဆိပ်ငွေ့ဗုံးများအား မည်သည့်တိုက်ပွဲများတွင်မှ အသုံးပြု တိုက်ခိုက်ခဲ့ခြင်းမရှိ။
- တပ်မတော်အနေဖြင့် ထိရောက်သောလက်နက်ကြီးပစ်ကူဖြင့် တပ်မတော်သားများ၏ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်မှုများကြောင့် TNLA အဖွဲ့ နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကျအဆုံးများလာပြီး ၎င်းတို့အဖွဲ့အတွင်း စိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ် မရှိကြတော့သဖြင့် အဆိပ်ငွေ့ဗုံးများ အသုံးပြုသည်ဟု မဟုတ်မမှန် လုပ်ကြံ၍ ပြည်ဖျက်မီဒီယာများ အားကိုးကာ သတင်းမှားများ ထုတ်လွှင့်ခြင်းသာဖြစ်။
- တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။

## နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာအနီးသို့ တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ




ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာအနီးသို့ နိုဝင်ဘာလ ၁၉ ရက် ည ၁၁ နာရီခန့်တွင် တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရကြောင်းကို လူမှုကွန်ရက်စာမျက်နှာများ၌ မဟုတ်မမှန် သတင်းမှားများ ထုတ်လွှင့်ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရပါသည်။

တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ ထိတွေ့တိုက်ပွဲဖြစ်ပွားစဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး

တပ်မတော်မှ အဆိုပါဖြစ်စဉ်နေရာသို့လေကြောင်း အသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် တပ်မတော်နှင့်ပြည်သူ ပူးပေါင်း၍ အကြမ်းဖက်မှုနှိမ်နင်းရေး ဆောင်ရွက်နေမှုများကို မလိုလားသည့် ပြည်ဖျက်မီဒီယာများက ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးကွဲစေရန်ရည်ရွယ်ချက်ဖြင့် သတင်း အမှား၊ သတင်းအတုများကို ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **နမ့်ဆန်မြို့နယ်၊ မြို့သစ်ကျေးရွာအနီးသို့ တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲ တိုက်ခိုက်ခဲ့သည်ဟုဆိုသည်မှာ သတင်းအမှားသာဖြစ်ပြီး ထိတွေ့တိုက်ပွဲဖြစ်ပွားစဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ရမ်းသန်း ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ခြင်းသာဖြစ်။**

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်




နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိ သည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်၍ သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိပါသည်။

- နိုဝင်ဘာလ ၂၀ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၉၈၂ ဦး၊ အမျိုးသမီး ၆၀ ဦး၊ စုစုပေါင်း ၁,၀၄၂ ဦးတို့အား စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး လွှဲပြောင်းပေးနိုင်ခဲ့။
- နိုဝင်ဘာလ ၂၁ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၁,၈၁၆ ဦး၊ အမျိုးသမီး ၄၃ ဦး၊ စုစုပေါင်း ၁,၈၅၉ ဦးကို စိစစ် ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၃,၇၃၃ ဦး၊ အမျိုး သမီး ၁၈၅ ဦး၊ စုစုပေါင်း ၃,၉၁၈ ဦး တို့ကို စိစစ်ဖော်ထုတ် ရရှိခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင် ရွက်နိုင်ခဲ့။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား ၃,၉၁၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- နိုဝင်ဘာလ ၁၅ ရက်မှ ၂၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၆ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ ရခိုင်ပြည်နယ်၌ ၂ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦး၊ စုစုပေါင်း ၂၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်ထိ စုစုပေါင်း ၁,၈၃၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၁၅ ရက်မှ ၂၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၆ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ ရခိုင်ပြည်နယ်၌ ၂ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦး၊ စုစုပေါင်း ၂၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်ထိ စုစုပေါင်း ၁,၈၃၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**

# မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃,၀၀၀ ကျော်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃ ရက်အထိ ခုနစ်လ ကျော်ကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃,၀၃၄ ဒသမ ၀၇၉ သန်းရှိပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂,၀၉၉ ဒသမ ၃၁၅ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၉၃၅ ဒသမ ၃၉၄ သန်း ဖြစ်။

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုအနေဖြင့် ကုန်သွယ်ရေးစခန်းများဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မော်တောင်၊ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်ရာ ထီးခီးကုန်သွယ်ရေးစခန်းမှ အများဆုံးကုန်သွယ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၂-၁၁-၂၀၂၃)**

- **၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃ ရက်အထိ ခုနစ်လကျော်ကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃,၀၃၄ ဒသမ ၀၇၉ သန်းရှိ။**